# ဆေးဝါးများကို ဘေးအန္တရာယ်ကင်းကင်း အသုံးပြုခြင်း

Safe Use of Medicines | Burmese

## ကျွန်ုပ်သည် ကျွန်ုပ်၏ဆေးဝါးကို အန္တရာယ်ကင်းစွာ မည်သို့အသုံးပြုနိုင်မည်နည်း။

- အညွှန်းပေါ်ရှိ ညွှန်ကြားချက်များအတိုင်း လိုက်နာပါ။
- သင့်ဆေးကို မည်သည့်အချိန်တွင် မည်သို့သောက်ရမည်ကို သိရှိထားပါ။
- သင့်ဆေးတွင်ပါဝင်သည့် ပါဝင်ပစ္စည်းကို သိရှိထားပါ။
- ရေးထားသည့် သင့်ဆေးစာရင်းသည် သင်၊ သင့်ဆရာဝန်နှင့် သင့်ဆေးစပ်သူအား သင့်ဆေးများကို ခြေရာခံရန် အကူအညီပေးနိုင်သည်။

## ပါဝင်ပစ္စည်း (active ingredient) ဆိုတာဘာလဲ။

- ပါဝင်ပစ္စည်းဆိုသည်မှာ သင့်ဆေးအာနိသင်ပြစေရန် ပြုလုပ်ပေးသည့် အရာ ဖြစ်သည်။
- သင့်တွင် အမြင်အရကွာခြားသော်လည်း တူညီသော ပါဝင်ပစ္စည်း ပါဝင်နေသည့် ဆေးနှစ်မျိုး သို့မဟုတ် နှစ်မျိုးထက်ပို၍ ရှိမနေစေရန် အညွှန်းကို စစ်ဆေးကြည့်ပါ။
- သင့်တွင် အလားတူပါဝင်ပစ္စည်းပါရှိသည့် ဆေးဝါးတစ်မျိုးထက်ပို၍ ရှိနေပါက သင့်ဆရာဝန် သို့မဟုတ် ဆေးစပ်သူဆီ ဆက်သွယ်ပါ။

## ကျွန်ုပ်သည် ပါဝင်ပစ္စည်းကို မည်သို့တွေ့ရှိနိုင်မည်နည်း။

- သင့်ဆရာဝန် သို့မဟုတ် သင့်ဆေးစပ်သူကို မေးပါ။
- ပါဝင်ပစ္စည်းသည် အညွှန်းပေါ်တွင် ရှိသည်။
- သင့်ဆေး၏ ပါဝင်ပစ္စည်းကို မှတ်တမ်းလုပ်ထားပါ။ သင့်ဆေးကို ဓာတ်ပုံရိုက်ထားနိုင်ပါသည် သို့မဟုတ် သင့်ဆေးများကို စာရင်းလုပ်ထားနိုင်ပါသည်။

## ကျွန်ုပ်၏ဆေးဝါးအတွက် မည်သို့ငွေချေတာနိုင်မည်နည်း။

- ဆေးဝါးများတွင် အမည်အမျိုးမျိုးရှိနိုင်ပါသည် - ပါဝင်ပစ္စည်းအမည်နှင့် ထုတ်လုပ်သူမှပေးထားသော ကုန်အမှတ်တံဆိပ်အမည် (မူရင်းကုန်အမှတ်တံဆိပ်အမည် သို့မဟုတ် ဘရန်းအမည်မပါသည့် အလားတူဆေး)။
- ၎င်းတို့တွင် တူညီသော ပါဝင်ပစ္စည်းများ ပါဝင်သည့်တိုင် ဘရန်းအမည်မပါသည့် အလားတူဆေးသည် မူရင်းကုန်အမှတ်တံဆိပ်ထက် ပို၍ဈေးချိုတတ်ပါသည်။
- သင့်ဆရာဝန် သို့မဟုတ် ဆေးစပ်သူသည် ငွေချေတာနိုင်ရန်အတွက် သင့်ဆေး၏ ဘရန်းအမည်မပါသည့် အလားတူဆေးကို အသုံးပြုရန် အကြံပြုနိုင်ပါသည်။

## ကျွန်ုပ်၏ ဆေးကို နေမကောင်းဖြစ်နေသည့် ကျွန်ုပ်၏ မိသားစုဝင်များ သို့မဟုတ် မိတ်ဆွေများအား မျှဝေပေး၍ ရပါသလား။

- မရပါ၊ သင့်ဆေးသည် သင့်အတွက်သာဖြစ်ပါသည်။
- သင့်မိသားစုဝင် သို့မဟုတ် မိတ်ဆွေသည် သင့်ဆေးကိုသောက်ပါက အန္တရာယ်ရှိနိုင်ပါသည်

## ကိုဗစ် - ၁၉ (COVID-19) ကမ္ဘာ့ကပ်ရောဂါအတွင်း ကျွန်ုပ်ဆေးများကို မည်သို့စီမံရမည်နည်း။

- သင့်ဆေးများကို သင့်ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း သောက်ပါ။
- သင့်တွင် သင့်အား ညွှန်းထားသည့် ဆေးများ တစ်လစာရှိနေအောင် သေချာဆောင်ရွက်ပါ။
- သင် ဆေးရုံသွားရန်လိုအပ်ပါက သင့်ဆေးများ သို့မဟုတ် သင့်ဆေးစာရင်းကို သင်နှင့်အတူ ယူသွားပါ။

## ကျွန်ုပ်၏ ဆေးအကြောင်း မည်သူနှင့်ပြောနိုင်မည်နည်း။

- သင့်ဆရာဝန် သို့မဟုတ် ဆေးစပ်သူနှင့် ပြောပါ။ သင် စကားပြန်တစ်ဦး လိုအပ်ပါက ၎င်းတို့ကို ပြောပြပါ။
- **ဆေးဝါးဆိုင်ရာဖုန်းလိုင်း (Medicines Line) 1300 633 424** ကို ခေါ်ဆိုပါ။ အခမဲ့ တယ်လီဖုန်းစကားပြန်တစ်ဦးအတွက် **ဘာသာပြန်နှင့် စကားပြန်ဝန်ဆောင်မှု (Translating and Interpreting Service, TIS) 131 450** ကို ဖုန်းခေါ်ဆို၍ သင့်ဘာသာစကားကို ပြောပြီး ဆေးဝါးဆိုင်ရာ ဖုန်းလိုင်းနှင့် ဆက်သွယ်ပေးရန် ပြောပါ။







ဤအချက်အလက်မှတ်တမ်းကို
NSW ယဉ်ကျေးမှုစုံ ကျန်းမာရေးဆိုင်ရာ ဆက်သွယ်ရေး ဝန်ဆောင်မှုမှ (2020)
ဖန်တီးသည် www.mhcs.health.nsw.gov.au